# (၃၆၅)ရက်နှင့်အထက် ငွေသွင်း/ငွေထုတ်ပြုလုပ်ခြင်းမရှိသော စာရင်းသေစာရင်း (Dormant Account) နှင့်ပတ်သက်၍ အသိပေးအကြောင်းကြားခြင်း

၁။ ရာဝတီဘဏ်ခွဲများတွင် ဖွင့်လှစ်ခဲ့သော စာရင်းရှင်စာရင်းများ (Current Accounts) ၊ ငွေစုဘဏ်စာရင်း များ (Savings Deposit) နှင့် ခေါ်ယူအပ်ငွေစာရင်းများ (Call Deposit) များအား စာရင်းပိုင်ရှင် ကိုယ်တိုင် ငွေသွင်း/ငွေထုတ် နောက်ဆုံးပြုလုပ်ခဲ့သော နေ့ရက်မှ (၃၆၅) ရက်ပြည့်မြောက်သည် အထိ ငွေသွင်း/ ငွေထုတ် လုပ်ငန်းစဉ်များအား ပြုလုပ်ခြင်းမရှိပါက စာရင်းသေစာရင်း (Dormant Account) အဖြစ် ပြည်တွင်းဘဏ်များ၏ လုပ်ထုံးလုပ်နည်းအရ သတ်မှတ်သွားမည် ဖြစ်ပါသည်။

၂။ စာရင်းသေစာရင်း (Dormant Account) အဖြစ်သတ်မှတ်ထားသော ငွေစာရင်းများကို ဘဏ်ခွဲများ၊ ရာဝတီဘဏ်၏ Digital Channel များဖြစ်သော iBanking/mBanking/AYA Pay/ATM/Card အစရှိသည့် Channel များတွင် ပြန်လည်အသုံးပြုလိုပါက နီးစပ်ရာရာဝတီဘဏ်ခွဲများတွင် ဦးစွာလာရောက်၍ ဆက်သွယ် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

၃။ စာရင်းသေစာရင်း (Dormant Account) များအတွက် စာရင်းထိန်းသိမ်းခအဖြစ် စာရင်းတစ်ခုလျှင် (၂၅၀၀) ကျပ်အား တစ်နှစ်လျှင်တစ်ကြိမ် ငွေစာရင်းမှ ကောက်ခံသွားမည်ဖြစ်ပါသည်။ ပထမတစ်နှစ် အတွက် စာရင်းထိန်းသိမ်းခ ကောက်ခံပြီး (၃၆၅) ရက် ကြာမြင့်သည်အထိ ငွေစာရင်းပိုင်ရှင်ကိုယ်တိုင် ဘဏ်ခွဲတွင် လာရောက်၍ ဆက်သွယ်ဆောင်ရွက်ခြင်းမပြုပါက စာရင်းထိန်းသိမ်းခအား ဒုတိယအကြိမ် ကောက်ခံသွားမည် ဖြစ်သည်။ ထိုစာရင်းထိန်းသိမ်းခအား ငွေစာရင်းလက်ကျန် ကုန်ဆုံးသည်အထိ နှစ်စဉ် ကောက်ခံသွားမည်ဖြစ်ပြီး ငွေစာရင်းလက်ကျန်ကုန်ဆုံးသွားသည့် ငွေစာရင်းများအား ရာဝတီဘဏ်မှ အလိုအလျောက် ပိတ်သိမ်းသွားမည် ဖြစ်ပါသည်။

၄။ (၇) နှစ်နှင့်အထက်ရှိသော စာရင်းသေစာရင်း (Dormant Account) များအား ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော မူဝါဒများအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။